# Washington Poison Center

## အကူအညီတောင်းခံရေး ဖုန်းလိုင်း- 1-800-222-1222

အဆိပ်သင့်ခြင်းနှင့် ဆေးဝါးလွန်ကဲစွာ သောက်သုံးခြင်းအတွက်
ဆေးဘက်ဆိုင်ရာ အကူအညီတောင်းခံနိုင်သည့်
ဝါရှင်တန်မြို့၏ အခမဲ့ ဝန်ဆောင်မှုဖြစ်ပါသည်

### အဆိပ်သင့်မှုဆိုင်ရာ အရေးပေါ်အခြေအနေများ-




အဆိပ်သင့်မှုဆိုင်ရာ အရေးပေါ်အခြေအနေများအတွက် ဆေးဘက်ဆိုင်ရာ အကူအညီရယူရန်အတွက် Washington Poison Center (800) 222-1222 ကို ခေါ်ဆိုပါ။ ကျွန်ုပ်တို့၏ ကျွမ်းကျင်ပညာရှင်များက နေအိမ်၌ပင် ဆက်လက်နေထိုင်လျှင် ဘေးကင်းမှုရှိမရှိ သို့မဟုတ် အရေးပေါ်အခြေအနေ စောင့်ရှောက်မှုကို ရယူရန် လိုအပ်ခြင်းရှိမရှိ ပြောပြမည်ဖြစ်ပါသည်။ လူတစ်ဦးဦးသည် အသက်မရှူဘဲနေလျှင်၊ သတိမရဖြစ်နေလျှင် သို့မဟုတ် လေသင်တုန်းဖြတ်နေလျှင် 911 ကို ခေါ်ဆိုပါ။

### အဆိပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

အဆိပ်ဟူသည်မှာ မှားယွင်းသောနည်းဖြင့်၊ မှားယွင်းသော ပမာဏဖြင့်၊ သို့မဟုတ် မှားယွင်းသော လူပုဂ္ဂိုလ်က အသုံးပြုလျှင် အန္တရာယ်ကျရောက်စေနိုင်သော ပစ္စည်းတိုင်းကို ဆိုလိုသည်။

### Washington Poison Center သည် အောက်ပါတို့အတွက် သင့်အား အမြဲ ကူညီပေးရန် အသင့်ရှိပါသည်-

- 24 နာရီတစ်ရက်တာလုံး၊ တစ်ပတ်လျှင် 7 ရက် ဖွင့်သည်
- သင်တန်းဆင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက သင့်ဖုန်းခေါ်ဆိုမှုများကို ဖြေဆိုပေးပါမည်
- အခမဲ့ ဖုန်းခေါ်ဆိုနိုင်ပြီး လျှို့ဝှက်လုံခြုံပါသည်
- ·စကားပြန်ဝန်ဆောင်မှုကို အခမဲ့ ရရှိနိုင်ပါသည်
- အသက်အရွယ်အားလုံးအတွက် အဆိပ်သင့်မှုကုစားရေး အကူအညီ
- အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းဖြစ်ပါသည်

နောက်ထပ် အချက်အလက်များ
သိရှိနိုင်ရန်အတွက် Washington Poison Center
ဝဘ်ဆိုက်တွင် သွားရောက်ကြည့်ရှုပါ
https://www.wapc.org သို့မဟုတ်
(800) 222-1222 ကို ခေါ်ဆိုပါ

### Washington Poison Center ကို ခေါ်ဆိုဆက်သွယ်သင့်သည့် ဘုံအကြောင်းရင်းများ

- အိမ်ထောင်စုသုံး သို့မဟုတ် လုပ်ငန်းသုံး ကုန်ပစ္စည်းများနှင့် မတော်တဆဖြစ်မှု
- ကုသဆေးဝါးများနှင့် မူးယစ်ဆေးများကို မှားယွင်းစွာ သောက်သုံးမိခြင်း
- ရည်ရွယ်ချက်ရှိရှိ အဆိပ်သင့်မိခြင်း
- ဆေးဝါးများကို ဘေးကင်းစွာ သောက်သုံးရေးနှင့်ပတ်သက်သည့် မေးခွန်းများ
- အဆိပ်နှင့်ပတ်သက်သည့် ဘေးကင်းရေး အကြံဉာဏ်

### သင့်ကျန်းမာရေးအတွက်ကိုသာ ကျွန်ုပ်တို့ စိုးရိမ်ပူပန်ပါသည်-

ကျွန်ုပ်တို့၏ ကျွမ်းကျင်ပညာရှင်များက သင်ဖြစ်ပျက်သွားသည့်အရာ၊ ပစ္စည်း၊ လက္ခဏာများ၊ နှင့် သက်ဆိုင်သည့် ဆေးကုသရေးမှတ်တမ်းတို့အကြောင်းကို သင့်အား မေးမြန်းပါမည်။ ၎င်းတို့က နောက်ဆက်တွဲ စောင့်ရှောက်မှုအတွက် သင့်အမည်နှင့် ဖုန်းနံပါတ်တို့ကိုလည်း မေးမြန်းမည်ဖြစ်ပါသည်။ ၎င်းတို့က လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် တရားဝင်မှုရှိမရှိ အခြေအနေကို မေးမြန်းမည်မဟုတ်ပါ။

BURMESE

Washington Poison Center
အကူအညီတောင်းခံရေး ဖုန်းလိုင်း- 1-800-222-1222
အဆိပ်သင့်ခြင်းနှင့် ဆေးဝါးလွန်ကဲစွာ သောက်သုံးခြင်းအတွက်
ဆေးဘက်ဆိုင်ရာ အကူအညီတောင်းခံနိုင်သည့်
ဝါရှင်တန်မြို့၏ အခမဲ့ ဝန်ဆောင်မှုဖြစ်ပါသည်

အဆိပ်သင့်မှုဆိုင်ရာ အရေးပေါ်အခြေအနေများ-



အဆိပ်သင့်မှုဆိုင်ရာ အရေးပေါ်အခြေအနေများအတွက် ဆေးဘက်ဆိုင်ရာ အကူအညီရယူရန်အတွက် Washington Poison Center (800) 222-1222 ကို ခေါ်ဆိုပါ။ ကျွန်ုပ်တို့၏ ကျွမ်းကျင်ပညာရှင်များက နေအိမ်၌ပင် ဆက်လက်နေထိုင်လျှင် ဘေးကင်းမှုရှိမရှိ သို့မဟုတ် အရေးပေါ်အခြေအနေ စောင့်ရှောက်မှုကို ရယူရန် လိုအပ်ခြင်းရှိမရှိ ပြောပြမည်ဖြစ်ပါသည်။ လူတစ်ဦးဦးသည် အသက်မရှူဘဲနေလျှင်၊ သတိမရဖြစ်နေလျှင် သို့မဟုတ် လေသင်တုန်းဖြတ်နေလျှင် 911 ကို ခေါ်ဆိုပါ။

အဆိပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

အဆိပ်ဟူသည်မှာ မှားယွင်းသောနည်းဖြင့်၊ မှားယွင်းသော ပမာဏဖြင့်၊ သို့မဟုတ် မှားယွင်းသော လူပုဂ္ဂိုလ်က အသုံးပြုလျှင် အန္တရာယ်ကျရောက်စေနိုင်သော ပစ္စည်းတိုင်းကို ဆိုလိုသည်။

Washington Poison Center သည် အောက်ပါတို့အတွက် သင့်အား အမြဲ ကူညီပေးရန် အသင့်ရှိပါသည်-

- 24 နာရီတစ်ရက်တာလုံး၊ တစ်ပတ်လျှင် 7 ရက် ဖွင့်သည်
- သင်တန်းဆင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက သင့်ဖုန်းခေါ်ဆိုမှုများကို ဖြေဆိုပေးပါမည်
- အခမဲ့ ဖုန်းခေါ်ဆိုနိုင်ပြီး လျှို့ဝှက်လုံခြုံပါသည်
- ·စကားပြန်ဝန်ဆောင်မှုကို အခမဲ့ ရရှိနိုင်ပါသည်
- အသက်အရွယ်အားလုံးအတွက် အဆိပ်သင့်မှုကုစားရေး အကူအညီ
- အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းဖြစ်ပါသည်

နောက်ထပ် အချက်အလက်များ
သိရှိနိုင်ရန်အတွက် Washington Poison Center
ဝဘ်ဆိုက်တွင် သွားရောက်ကြည့်ရှုပါ
https://www.wapc.org သို့မဟုတ်
(800) 222-1222 ကို ခေါ်ဆိုပါ

Washington Poison Center ကို ခေါ်ဆိုဆက်သွယ်သင့်သည့် ဘုံအကြောင်းရင်းများ

- အိမ်ထောင်စုသုံး သို့မဟုတ် လုပ်ငန်းသုံး ကုန်ပစ္စည်းများနှင့် မတော်တဆဖြစ်မှု
- ကုသဆေးဝါးများနှင့် မူးယစ်ဆေးများကို မှားယွင်းစွာ သောက်သုံးမိခြင်း
- ရည်ရွယ်ချက်ရှိရှိ အဆိပ်သင့်မိခြင်း
- ဆေးဝါးများကို ဘေးကင်းစွာ သောက်သုံးရေးနှင့်ပတ်သက်သည့် မေးခွန်းများ
- အဆိပ်နှင့်ပတ်သက်သည့် ဘေးကင်းရေး အကြံဉာဏ်

သင့်ကျန်းမာရေးအတွက်ကိုသာ ကျွန်ုပ်တို့ စိုးရိမ်ပူပန်ပါသည်-

ကျွန်ုပ်တို့၏ ကျွမ်းကျင်ပညာရှင်များက သင်ဖြစ်ပျက်သွားသည့်အရာ၊ ပစ္စည်း၊ လက္ခဏာများ၊ နှင့် သက်ဆိုင်သည့် ဆေးကုသရေးမှတ်တမ်းတို့အကြောင်းကို သင့်အား မေးမြန်းပါမည်။ ၎င်းတို့က နောက်ဆက်တွဲ စောင့်ရှောက်မှုအတွက် သင့်အမည်နှင့် ဖုန်းနံပါတ်တို့ကိုလည်း မေးမြန်းမည်ဖြစ်ပါသည်။ ၎င်းတို့က လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် တရားဝင်မှုရှိမရှိ အခြေအနေကို မေးမြန်းမည်မဟုတ်ပါ။

BURMESE

# အမေရိကန်ပြည်ထောင်စုအတွင်းရှိ ဆေးကုသရေးဌာန

သင့်လိုအပ်ချက်များအပေါ် မူတည်၍ အမေရိကန်ပြည်ထောင်စုအတွင်းတွင် ဆေးကုသရေးဌာန အဆင့်အမျိုးမျိုးရှိပါသည်-

## ပင်မစောင့်ရှောက်မှုပံ့ပိုးသူ-

(Primary Care Doctor)

- ·ပုံမှန်လုပ်ရိုးလုပ်စဉ်နှင့် ကြိုတင်ကာကွယ်စောင့်ရှောက်မှု
- ·ရက်ချိန်းကို လိုအပ်ပါသည်
- ·ဥပမာများ- ခန္ဓာကိုယ်ပိုင်း စစ်ဆေးခြင်း၊ နာတာရှည် ကျန်းမာရေးအခြေအနေများ၊ ကာကွယ်ဆေးထိုးနှံမှုများ၊ အကြို ကျန်းမာရေး စစ်ဆေးမှုများ၊ လူနာလွှဲပြောင်းမှုများ

## ဆေးရုံရှိ အရေးပေါ်ကုသခန်း-

(Hospital Emergency Room)

- ·ချက်ချင်းလက်ငင်း ဆေးကုသရေးစောင့်ရှောက်မှုပြုလုပ်ရန် လိုအပ်သည့် ဆိုးရွားပြင်းထန် နာမကျန်းဖြစ်မှုများ သို့မဟုတ် ကျန်းမာရေးအခြေအနေများ
- ·24 နာရီတစ်ရက်တာလုံး၊ တစ်ပတ်လျှင် ခုနှစ်ရက် ဖွင့်ထားလေ့ရှိသည်
- ·ဥပမာများ- အသက်ရှူမဝခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အကြီးစား ပြတ်ရှမှုများ၊ ခန္ဓာကိုယ်တစ်ခြမ်း ထုံကျင်နေခြင်း၊ လေဖြတ်ခြင်း၊ သတိမေ့သွားခြင်း၊ ပြင်းထန် နာမကျန်းဖြစ်မှု

## အလျှင်အမြန်ဆောင်ရွက်ရန်လိုအပ်သည့် စောင့်ရှောက်မှု-

(Urgent Care)

- သက်တောင့်သက်သာမရှိသော်လည်း သေစေနိုင်လောက်သည့်အခြေအနေမရှိသော နာမကျန်းဖြစ်မှုများ သို့မဟုတ် ကျန်းမာရေးအခြေအနေများ
- ရုံးဖွင့်ချိန်များသည် တည်နေရာအလိုက် ကွဲပြားနိုင်သည်
- ဥပမာများ- အဆစ်လွဲခြင်း၊ အသေးစား အရိုးကျိုးပဲ့မှုများ၊ အသေးစားပြတ်ရှမှုများ၊ အသက်ရှူလမ်းကြောင်း အထက်ပိုင်း ပိုးဝင်ခြင်း၊ နာခေါင်းလမ်းကြောင်း ပိုးဝင်ခြင်း၊ ဆီး လမ်းကြောင်း ပိုးဝင်ခြင်း

**တောင်းဆိုလာပါက သင့်စောင့်ရှောက်မှုပံ့ပိုးသူသည် ဘာသာစကား အကူအညီနှင့် စကားပြန်ဝန်ဆောင်မှုကို ပေးကမ်းရန် လိုအပ်ပါသည်။**

လူတစ်ဦးဦးသည် လူနာတင်ယာဉ် သို့မဟုတ် ဆေးအကူလုပ်သားကို ဆိုးရွားပြင်းထန်သော ဆေးဘက်ဆိုင်ရာ အခြေအနေတစ်ရပ်အတွက် လိုအပ်ပါက **911 ကို ခေါ်ဆိုပါ။**

လူတစ်ဦးဦးသည် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အကျပ်အတည်းအခြေအနေရှိနေပါက **988** ကို ခေါ် ဆိုပါ။

အဆိပ်များ/အဆိပ်အတောက်များနှင့် ထိတွေ့မှုနှင့် စပ်လျဉ်းသည့် အရေးပေါ်အခြေအနေများ သို့မဟုတ် မေးခွန်းများအတွက် **(800) 222-1222 (Washington Poison Center) ကို ခေါ်ဆိုပါ။**

WASHINGTON POISON CENTER (800) 222 1222


# အမေရိကန်ပြည်ထောင်စုအတွင်းရှိ ဆေးကုသရေးဌာန

သင့်လိုအပ်ချက်များအပေါ် မူတည်၍ အမေရိကန်ပြည်ထောင်စုအတွင်းတွင် ဆေးကုသရေးဌာန အဆင့်အမျိုးမျိုးရှိပါသည်-

## ပင်မစောင့်ရှောက်မှုပံ့ပိုးသူ-

(Primary Care Doctor)

- ·ပုံမှန်လုပ်ရိုးလုပ်စဉ်နှင့် ကြိုတင်ကာကွယ်စောင့်ရှောက်မှု
- ·ရက်ချိန်းကို လိုအပ်ပါသည်
- ·ဥပမာများ- ခန္ဓာကိုယ်ပိုင်း စစ်ဆေးခြင်း၊ နာတာရှည် ကျန်းမာရေးအခြေအနေများ၊ ကာကွယ်ဆေးထိုးနှံမှုများ၊ အကြို ကျန်းမာရေး စစ်ဆေးမှုများ၊ လူနာလွှဲပြောင်းမှုများ

## ဆေးရုံရှိ အရေးပေါ်ကုသခန်း-

(Hospital Emergency Room)

- ·ချက်ချင်းလက်ငင်း ဆေးကုသရေးစောင့်ရှောက်မှုပြုလုပ်ရန် လိုအပ်သည့် ဆိုးရွားပြင်းထန် နာမကျန်းဖြစ်မှုများ သို့မဟုတ် ကျန်းမာရေးအခြေအနေများ
- ·24 နာရီတစ်ရက်တာလုံး၊ တစ်ပတ်လျှင် ခုနှစ်ရက် ဖွင့်ထားလေ့ရှိသည်
- ·ဥပမာများ- အသက်ရှူမဝခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အကြီးစား ပြတ်ရှမှုများ၊ ခန္ဓာကိုယ်တစ်ခြမ်း ထုံကျင်နေခြင်း၊ လေဖြတ်ခြင်း၊ သတိမေ့သွားခြင်း၊ ပြင်းထန် နာမကျန်းဖြစ်မှု

## အလျှင်အမြန်ဆောင်ရွက်ရန်လိုအပ်သည့် စောင့်ရှောက်မှု-

(Urgent Care)

- သက်တောင့်သက်သာမရှိသော်လည်း သေစေနိုင်လောက်သည့်အခြေအနေမရှိသော နာမကျန်းဖြစ်မှုများ သို့မဟုတ် ကျန်းမာရေးအခြေအနေများ
- ရုံးဖွင့်ချိန်များသည် တည်နေရာအလိုက် ကွဲပြားနိုင်သည်
- ဥပမာများ- အဆစ်လွဲခြင်း၊ အသေးစား အရိုးကျိုးပဲ့မှုများ၊ အသေးစားပြတ်ရှမှုများ၊ အသက်ရှူလမ်းကြောင်း အထက်ပိုင်း ပိုးဝင်ခြင်း၊ နာခေါင်းလမ်းကြောင်း ပိုးဝင်ခြင်း၊ ဆီး လမ်းကြောင်း ပိုးဝင်ခြင်း

**တောင်းဆိုလာပါက သင့်စောင့်ရှောက်မှုပံ့ပိုးသူသည် ဘာသာစကား အကူအညီနှင့် စကားပြန်ဝန်ဆောင်မှုကို ပေးကမ်းရန် လိုအပ်ပါသည်။**

လူတစ်ဦးဦးသည် လူနာတင်ယာဉ် သို့မဟုတ် ဆေးအကူလုပ်သားကို ဆိုးရွားပြင်းထန်သော ဆေးဘက်ဆိုင်ရာ အခြေအနေတစ်ရပ်အတွက် လိုအပ်ပါက **911 ကို ခေါ်ဆိုပါ။**

လူတစ်ဦးဦးသည် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အကျပ်အတည်းအခြေအနေရှိနေပါက **988** ကို ခေါ် ဆိုပါ။

အဆိပ်များ/အဆိပ်အတောက်များနှင့် ထိတွေ့မှုနှင့် စပ်လျဉ်းသည့် အရေးပေါ်အခြေအနေများ သို့မဟုတ် မေးခွန်းများအတွက် **(800) 222-1222 (Washington Poison Center) ကို ခေါ်ဆိုပါ။**

WASHINGTON POISON CENTER (800) 222 1222